# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

September 3, 2019 Volume 23, Number 2


### ၃.၉.၂၀၁၉

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၅၂၆ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၂၆၃၀၀၀/ကျပ် |
| ဒေါ်လာဈေး | = ၁၅၃၂/ကျပ် |
| CBM Rate | = ၁၅၃၁.၃/ကျပ် |
| ယူရို တစ်ယူရို | = ၁၆၇၆.၅ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၀၉၉.၅ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၈၃၆.၃ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၄၄၃.၉ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၂၉.၉ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၁၃.၃၈ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၁၉၃ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၆.၀၂ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၂.၆၅ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၉.၉၃၆ ကျပ် |

Source: CBM Rate, etrademyanmar.com

## ပြည်တွင်းဈေးကွက်တွင် ဒေါ်လာတန်ဖိုး အနည်းငယ်ပြန်လည်မြင့်တက်လာ





ပြည်တွင်းငွေကြေးဈေးကွက်တွင် စက်တင်ဘာ ၂ ရက် နေ့လယ်၌ အမေရိကန်ဒေါ်လာတန်ဖိုး အနည်းငယ်မြင့်တက်လာပြီး ညနေဈေးပိတ်ချိန်၌ တစ်ဒေါ်လာ ၁၅၂၇ ကျပ်သို့ ရောက်ရှိသည်။ ဈေးကွက်အတွင်း ဒေါ်လာဝယ်လိုအား အနည်းငယ်တိုးလာခြင်းကြောင့် ဒေါ်လာတန်ဖိုး မြင့်တက်ခြင်းဖြစ်သည်ဟု စီးပွားရေးလုပ်ငန်းရှင် အချို့ကပြောသည်။ ဩဂုတ်လကုန်တွင် တစ်ဒေါ်လာ ကျပ် ၁၅၂၀ ခန့်သာ အမြင့်ဆုံးရှိခဲ့ပြီး ရက်ပိုင်းအတွင်း အနည်းငယ် ဈေးမြင့်တက်ခြင်းဖြစ်သည်။ မူဆယ်နယ်စပ် လမ်းပိတ်နေလို့ ဈေးတက်တဲ့သဘောမျိုးပါ။ တရုတ်ငွေနဲ့ယှဉ်ကြည့်ရင် တက်သင့်တာထက်တောင် နည်းနေပါသေးတယ်ဟု မြန်မာနိုင်ငံမော်တော်ယာဉ် တင်သွင်းထုတ်လုပ် ဖြန့်ဖြူးရောင်းချသူများ အသင်းဥက္ကဋ္ဌ ဒေါက်တာစိုးထွန်းက ပြောသည်။

ဩဂုတ် ၁၅ ရက်ကစ၍ ရှမ်းမြောက်တိုက်ပွဲများကြောင့် မြန်မာ-တရုတ်နယ်စပ်ကုန်သွယ်ရေးရပ်တန့်လုနီးပါးဖြစ်နေပြီး စင်ကာပူနှင့်ဟောင်ကောင်တို့မှ ဒေါ်လာအဝင်နည်းသဖြင့် ပြည်တွင်းဒေါ်လာရှားလာသည့်အခြေအနေမျိုးဖြစ်နိုင်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဗဟိုအလုပ်အမှုဆောင် ဦးမျိုးသူရအေးကပြောသည်။ ထို့ကြောင့် ပြည်တွင်းငွေကြေးဈေးကွက်တွင် ဒေါ်လာဝယ်လိုအားတက်လာကြောင်း ငွေလဲဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်နေသူတစ်ဦးကပြောသည်။ ယခုဈေးမြင့်တက်မှုသည် ဈေးကွက်အတွင်း ဈေးကစားမှုမျိုးဖြစ်မည်ကိုလည်း စိုးရိမ်နေသည်။ ပြည်တွင်း၌ ဒေါ်လာတန်ဖိုးတက်သကဲ့သို့ ရွှေဈေးလည်းကျပ် ၁၂၆၅၀၀၀ ဈေးပိတ်ခဲ့သည်။ ပြည်တွင်းရွှေဈေးနှုန်းသည် ကမ္ဘာ့ရွှေဈေးမြင့်တက်နေခြင်းကြောင့် လိုက်ပါမြင့်တက်ခြင်းဖြစ်ပြီး အမြင့်ဈေးတွင် ဝယ်လိုအားနည်းကြောင်း ရန်ကုန်တိုင်းရွှေလုပ်ငန်းရှင်များအသင်းဝင်အချို့က ပြောကြားသည်။

**Source:** https://www.7daydaily.com/story/165257


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖတ်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.org
myantradetir2016@gmail.com

## ကော်ဖီအပါအဝင် သီးနှံခြောက်မျိုး ပြည်ပတင်ပို့မှု မြှင့်တင်နိုင်ရေးအတွက် လက်မှတ်ရေးထိုး




ကော်ဖီအပါအဝင် သီးနှံခြောက်မျိုး၏ စံချိန်စံညွှန်းသတ်မှတ်ရေးဆွဲနိုင်ရေးနှင့် ပြည်ပတင်ပို့နိုင်မှုမြှင့်တင်နိုင်ရေး ပူးပေါင်းဆောင်ရွက်ရန် အမေရိကန် နိုင်ငံတကာလူမှုအဖွဲ့အစည်းတစ်ခုဖြစ်သည့် Winerock International နှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လက်အောက်ရှိ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့တို့ စက်တင်ဘာလ ၂ ရက်နေ့ မနက်ပိုင်းက သဘောတူလက်မှတ်ရေးထိုးခဲ့သည်။ စံချိန်စံညွှန်း သတ်မှတ်ဖို့နဲ့ ပို့ကုန်မြှင့်တင်ဖို့အတွက် ပူးပေါင်းဆောင်ရွက်ပြီး အကူအညီပေးဖို့အတွက် MOI ရေးထိုးတာဖြစ်ပါတယ်။ ပို့ကုန်မြှင့်တင်ရေးအတွက်က သင်တန်းတွေလုပ်ပေးသွားမှာဖြစ်ပါတယ်ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးအောင်စိုးက ဆိုသည်။

အဆိုပါ သဘောတူညီချက်အရ အမေရိကန်နိုင်ငံတကာဖွံ့ဖြိုးရေးအစီအစဉ် (USAID) ၏ ပံ့ပိုးမှုဖြင့် ကော်ဖီ၊ ဖရဲ၊ သခွား ၊ ဂျင်း၊ ပဲပုပ်စေ့နှင့်နှမ်းစသည့် သီးနှံခြောက်မျိုးတို့ကို စံချိန်စံညွှန်းသတ်မှတ်ရေးဆွဲနိုင်ရေးနှင့် ပြည်ပတင်ပို့နိုင်မှု မြှင့်တင်နိုင်ရေး အတွက် ကူညီပေးသွားမည်ဖြစ်ကြောင်းသိရသည်။ အဓိကအချက်ကတော့ မူဝါဒပိုင်းနဲ့ပတ်သက်တာတွေ ဖွံ့ဖြိုးတိုးတက်လာအောင် သီးနှံတွေကိုအားပေးမြှင့်တင်ဖို့ ဘယ်လိုဆောင်ရွက်ပေးသင့်တယ်ဆိုတာတွေ၊ နောက်တစ်ခုကသင်တန်းပိုင်းတွေ ပါမယ်။ နောက်ပြီး နယ်တွေမှာရှိတဲ့ ကုန်သွယ်မှုစင်တာတွေမှာ ပုဂ္ဂလိကကဏ္ဍနဲ့ပူးပေါင်းဆောင်ရွက်တာတွေ မြှင့်တင်တာတွေ ပါလာမယ်ဟု ၎င်းကဆက်လက်ပြောဆိုသည်။

ယင်းစီမံချက်ကို လာမည့်ဒီဇင်ဘာလအတွင်း အပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်ပြီး လက်ရှိတွင်စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် အမျိုးသားပို့ကုန်မဟာဗျူဟာတွင် အဓိကဦးစားပေးတင်ပို့နိုင်မည့် ပို့ကုန်အမယ်များ ချမှတ်ကာပြည်ပပို့ကုန်မြှင့်တင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ လက်ရှိတွင် ဖရဲသခွား၊ ပဲပုပ်တို့ကို တရုတ်နိုင်ငံသို့ အဓိကတင်ပို့နေပြီး၊ ဂျင်းကို ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် နှမ်းကိုအီးယူနိုင်ငံများသို့ အများဆုံးတင်ပို့နေကြောင်းသိရသည်။ ကော်ဖီကိုမူ ဟောင်ကောင်၊ အမေရိကန်၊ ကနေဒါအပါအဝင် နိုင်ငံအတော်များများသို့တင်ပို့လျက်ရှိသည်။

**Source:** http://www.mizzimaburmese.com/article/60191

## စိုက်ကေတိုးချဲ့စိုက်ပျိုးပြီးဖြစ်၍ သိုလှောင်ထားသည့်ပဲစင်းငုံများအား ပြည်တွင်းဈေးကွက်သို့ အိန္ဒိယအစိုးရက ရောင်းချလျက်ရှိ

အိန္ဒိယနိုင်ငံ၌ ၂၀၁၉ ခုနှစ် မိုးရာသီ ပဲစင်းငုံစိုက်ပျိုးမှုပမာဏသည် ယခင်နှစ်စိုက်ကေထက် ပိုမိုတိုးချဲ့စိုက်ပျိုးထားရှိပြီးဖြစ်၍ နိုင်ငံပိုင်ရောင်းဝယ်ရေးလုပ်ငန်းဖြစ်သော အိန္ဒိယအမျိုးသား စိုက်ပျိုးရေးဈေးကွက်မြှင့်တင်မှု သမဝါယမလီမိတက် (NAFED) သည် ၎င်းလက်ဝယ်၌ အရန်သိုလှောင်ဝယ်ယူထားရှိသည့် ပဲစင်းငုံများအနက် အချို့ကို ပြည်တွင်းဈေးကွက်သို့ ပြန်လည်ရောင်းချနေပြီဖြစ်ပါသည်။ အိန္ဒိယနိုင်ငံ၏ ပဲစင်းငုံစိုက်ပျိုးမှုမှာ ယခုနှစ်မိုးရာသီ၌ ဩဂုတ်လ ၂၃ ရက်နေ့အထိ ဟတ်တာ ၄၃.၄၂၉ သိန်း စိုက်ပျိုးထားရှိပြီးဖြစ်ရာ ၂၀၁၈–၂၀၁၉ ခုနှစ် သီးနှံစိုက်ပျိုးရေးရာသီကာလရှိ ဟတ်တာ ၄၃.၂၆၁ သိန်း စိုက်ပျိုးခဲ့မှုထက် အနည်းငယ်မျှပိုမိုပြီး လုံလောက်သောစိုက်ကေရရှိခဲ့ပြီဖြစ်ပါသည်။ အထူးသဖြင့် Karnataka, Andhra Pradesh, Telangana နှင့် Uttar Pradesh ပြည်နယ်များ၌ ယခင်နှစ် ပဲစင်းငုံ စိုက်ကေထက် တိုးချဲ့စိုက်ပျိုးနိုင်ခြင်းဖြစ်ပါသည်။ အစိုးရ၏ ၂၀၁၈–၂၀၁၉ ခုနှစ် စိုက်ပျိုးရာသီကာလအတွက် စတုတ္ထအကြိမ် အထွက်နှုန်းခန့်မှန်းစာရင်း ထုတ်ပြန်ချက်အရ ပဲစင်းငုံအထွက်ပမာဏသည် တန်ချိန် ၃.၅၉ သန်းခန့်ရှိပြီး ယင်းနှစ် သီးနှံထွက်ရှိချိန်၌ နိုင်ငံပိုင်ကောက်ပဲသီးနှံဝယ်ယူသိုလှောင်ရေး လုပ်ငန်းဖြစ်သည့် NAFED သည် ပဲစင်းငုံ တန်ချိန် ၂.၇၅ သိန်းခန့်ကို ဝယ်ယူသိုလှောင်ခဲ့ပါသည်။ ၂၀၁၇ ခုနှစ် စိုက်ပျိုးရာသီ၌ ပဲစင်းငုံထွက်ရှိမှု တန်ချိန် ၄.၂၉ သန်းခန့်ရှိခဲ့ပြီး ၎င်းရာသီကာလတွင် ဝယ်ယူသိုလှောင်ထားရှိမှုမှ နှစ်ဟောင်းလက်ကျန်အဖြစ် Karnataka,Maharashtra နှင့် Gujarat ပြည်နယ်များ၌ ကျန်ရှိနေသော ပဲစင်းငုံ ၄၀၂၅၉ တန်အား NAFED က ပြည်တွင်းဈေးကွက်အတွင်း တင်ဒါစနစ်ဖြင့် ဖြန့်ဖြူးရောင်းချခြင်းဖြစ်ပါသည်။ ယခုကဲ့သို့ အရန်သိုလှောင်ထားသည့် ပဲစင်းငုံများရောင်းချမှုသည် ဒီဇင်ဘာလ၌ စတင်ထွက်ရှိလာနိုင်သည့် သီးနှံအသစ်များ ဝယ်ယူသိုလှောင်ရန်အတွက် သိုလှောင်ရုံနေရာများအား အရန်သင့်ရှင်းလင်းထားပြီးဖြစ်စေသကဲ့သို့ လာမည့်ပွဲတော်ရာသီချိန်၌ ဈေးနှုန်းမြင့်တက်မှုအား ကြိုတင်ကာကွယ်ထားပြီးဖြစ်ပါသည်။ အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်သုံးနှစ်တာကာလအတွင်း ပဲစင်းငုံဈေးနှုန်းမှာ အကျဘက်တွင် ရှိနေခဲ့ရာမှ ယခင်နှစ်အထွက်နှုန်းကျဆင်းမှုနှင့် ယခုနှစ်မုတ်သုံးရာသီအစောပိုင်း၌ မိုးရွာသွန်းမှုနည်းပါးလျက် စိုက်ပျိုးရေးရရှိမှုအရ စိုက်ကေလျော့ကျနိုင်ချေရှိခြင်းတို့က ၂၀၁၉ ခုနှစ် ဧပြီလမှစ၍ ဈေးနှုန်းတက်ရိပ်ပြလာစေခဲ့ပါသည်။ သို့ရာတွင်

မိုးလယ်ကာလ၌ သီးနှံအဓိကစိုက်ပျိုးထုတ်လုပ်ရာဒေသများတွင် မိုးရွာသွန်းမှုပိုမိုပြီး စိုက်ပျိုးရေလုံလောက်စွာ ရရှိသည့်အပြင် စိုက်ဧက ပြည့်မီမှုရှိခြင်းကြောင့် သီးနှံထွက်ရှိမှု ကောင်းမွန်ရန်မျှော်လင့်ချက် ရှိနေပါသည်။ အခြားတစ်ဘက်၌ တောင်သူများ၏ စိုက်ပျိုးထုတ်လုပ်မှုကို တွန်းအားပေးမှုအဖြစ် အိန္ဒိယအစိုးရသည် ၂၀၁၉ ခုနှစ် ဇူလိုင်လအတွင်း၌ ယခုနှစ် စိုက်ပျိုးထွက်ရှိမည့် ပဲစင်းငုံများအတွက် အနိမ့်ဆုံးထား၍ ဝယ်ယူရမည့်ဈေးနှုန်းအား ယခင်နှစ်ထက် ၂.၂ ရာခိုင်နှုန်းပိုမိုလျက် ၁၀၀ ကီလိုဂရမ်လျှင် ရူပီးငွေ ၅၈၀၀ အထိ တိုးမြှင့်သတ်မှတ်ပေးခဲ့ပါသည်။ ပဲစင်းငုံစိုက်ပျိုးထုတ်လုပ်သူ တောင်သူများအနေဖြင့် စက်တင်ဘာလနှင့်အောက်တိုဘာလ မိုးနှောင်းကာလတွင် မိုးရေချိန်ရရှိမှု ဆက်လက်ကောင်းမွန်ရန်မျှော်လင့်လျက်ရှိကြပါသည်။

**Source: စီးပွားရေးသံမှူး-အိန္ဒိယ**

## တရုတ်နိုင်ငံရှိမြို့များနှင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်အကြား ခရီးစဉ်သစ်များ တိုးချဲ့ပျံသန်းခြင်း၊ ဗီဇာဖြေလျှော့ခြင်းများကြောင့် ရန်ကုန်လေဆိပ်၌ တရုတ်ခရီးသွားဝင်ရောက်မှု ယမန်နှစ်ကာလတူဖြင့် နှိုင်းယှဉ်ပါက ၁၅၁ ရာခိုင်နှုန်းအထိ တိုးတက်




တရုတ်နိုင်ငံရှိမြို့များနှင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်အကြား ခရီးစဉ်သစ်များ တိုးချဲ့ပျံသန်းလာခြင်း၊ ဗီဇာဖြေလျှော့ထားခြင်းတို့ကြောင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ တရုတ်ခရီးသွားဝင်ရောက်မှု ယမန်နှစ်ကာလတူဖြင့်နှိုင်းယှဉ်ပါက ၁၅၁ ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့ကြောင်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ သတင်းရရှိပါသည်။ ၂၀၁၉ ခုနှစ်ခုနှစ်လတာအတွင်း နိုင်ငံခြားသား ခရီးသွားဝင်ရောက်မှုတွင် ဗီဇာဖြေလျှော့မှုများ ပြုလုပ်ထားသည့် နိုင်ငံများဖြစ်သည့် တရုတ်နိုင်ငံမှ ခရီးသွား ၁၅၁ ရာခိုင်နှုန်း၊ ကိုရီးယားနိုင်ငံမှ ခရီးသွားရာခိုင်နှုန်း ၈၀နှင့် ဂျပန်နိုင်ငံမှ ခရီးသွားရာခိုင်နှုန်း ၂၀ အထိ တိုးတက်ဝင်ရောက်ခဲ့ခြင်းဖြစ်သည်။

၂၀၁၉ ခုနှစ် ဇန်နဝါရီမှ ဇွန်လကုန်အထိ တရုတ်လေကြောင်းလိုင်းများဖြစ်သည့် Hainna Airlines၊ Sichuan Airlines၊ China Eastern Airlines၊ Xiamen Airlines နှင့် Spring Airlines တို့မှ ရန်ကုန်လေဆိပ်နှင့် တရုတ်နိုင်ငံရှိ မြို့ကြီးများဖြစ်သည့် ချုံချင်း၊ ချန်ဒူး၊ ဟူးဟန် Hohhot၊ ဝူဟန် Wuhan၊ ရှန်ဟိုင်း၊ ရှာ့မန်စသည့် မြို့များသို့ ခရီးစဉ်သစ်ပျံသန်းမှုများ စတင်ခဲ့သည်။ ယင်းပြင် အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း MAI သည် လက်ရှိတွင် ရန်ကုန်လေဆိပ်အခြေပြု၍ တရုတ်နိုင်ငံရှိမြို့များသို့ စင်းလုံးငှားလေကြောင်းခရီးစဉ်များ ပျံသန်းနေရာ ဟန်ကျိုးမြို့သို့ စင်းလုံးငှားလေကြောင်းခရီးစဉ်အနေဖြင့် ရန်ကုန်-ဟန်ကျိုး ခရီးစဉ်အား တစ်ပတ်လျှင်တစ်ကြိမ်၊ မန္တလေးလေဆိပ် အခြေပြု၍ မန္တလေး- ဟန်ကျိုးခရီးစဉ်အား တစ်ပတ်လျှင် နှစ်ကြိမ်၊ မန္တလေး-နန်ချန်း Nachang ခရီးစဉ်အား တစ်ပတ်လျှင်သုံးကြိမ်၊ မန္တလေး-ဟေးဖေ Hefei ခရီးစဉ်အား တစ်ပတ်သုံးကြိမ် ပျံသန်းနေခြင်းဖြစ်ပြီး ယခုစတင်ပျံသန်းသည့် မန္တလေး-ဖူချို Fuzhou ခရီးစဉ်သည် တရုတ်နိုင်ငံသို့ပျံသန်းသည့် ငါးခုမြောက် လေကြောင်း ခရီးစဉ်ဖြစ်ကြောင်းသိရသည်။

၂၀၁၉ ဇူလိုင်ကုန်အထိ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ နိုင်ငံခြားသားခရီးသွားဝင်ရောက်မှုတွင် ၂၀၁၈ ခုနှစ် အောက်တိုဘာ ၁ ရက်မှစတင်ကာ ဆိုက်ရောက်ဗီဇာဖြင့် ဝင်ရောက်ခွင့်ပြုထားသည့် တရုတ်နိုင်ငံမှ ၃၈၅၉၄၂ ဦးအထိရှိခဲ့ပြီး ယမန်နှစ်ကာလတူဖြင့်နှိုင်းယှဉ်ပါက ခရီးသည်ဦးရေ နှစ်သိန်းကျော် တိုးတက်ဝင်ရောက်ခဲ့ခြင်းဖြစ်ပြီး ရာခိုင်နှုန်းအားဖြင့် ၁၅၁ ရာခိုင်နှုန်းအထိ တိုးတက်ခဲ့ခြင်းဖြစ်သည်။ ယင်းပြင် ၂၀၁၈ ခုနှစ် အောက်တိုဘာ ၁ ရက်မှစတင်ကာ ဗီဇာကင်းလွတ်ခွင့်ဖြင့် ဝင်ရောက်ခွင့်ပြုခဲ့သည့်နိုင်ငံများဖြစ်သည့် ဂျပန်နိုင်ငံမှခရီးသွား ၆၉၇၅၆ ဦးဝင်ရောက်ခဲ့ပြီး ယမန်နှစ်ကာလတူဖြင့်

နှိုင်းယှဉ်ပါက ရာခိုင်နှုန်း ၂၀၊ ကိုရီးယားနိုင်ငံမှ ခရီးသွား ၆၇၈၇၃ ဦး ဝင်ရောက်ခဲ့ပြီး ယမန်နှစ်ကာလတူဖြင့် နှိုင်းယှဉ်ပါက ရာခိုင်နှုန်း ၈၀ အထိ တိုးတက်ဝင်ရောက်ခဲ့ကြောင်းသတင်းရရှိသည်။ ယင်းပြင် နိုင်ငံခြားသားခရီးသွားဝင်ရောက်မှု တိုးတက်ရန် အတွက် အီတလီ၊ စပိန်၊ ဩစတြေးလျ၊ ဆွစ်ဇာလန်၊ ဂျာမနီနှင့် ရုရှားသာမန်နိုင်ငံကူးလက်မှတ် ကိုင်ဆောင်သူများကို ၂၀၁၉ ခုနှစ် အောက်တိုဘာ ၁ ရက်မှစ၍ ဆိုက်ရောက်ဗီဇာ Visa on Arrival ခွင့်ပြုမည်ဖြစ်ပြီး စမ်းသပ်ကာလတစ်နှစ် သတ်မှတ်ထားကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနက မကြာသေးခင်ကထုတ်ပြန်ထားသည်။

**Source:** https://news-eleven.com/article/132094

## မြန်မာ့ပြောင်းဆန် ထိုင်းနိုင်ငံသို့ တင်ပို့ခွင့်ရပ်ဆိုင်းလိုက်ခြင်းကြောင့် ပြောင်းတောင်သူနှင့်ကုန်သည်များ အခက်ကြုံနေဟုဆို

မြန်မာ့လယ်ယာထွက်ကုန် ပြောင်းဆန်များအား ထိုင်းနိုင်ငံဘက်သို့တင်ပို့ခွင့်ကို ဩဂုတ် ၃၁ ရက် နောက်ပိုင်း ရပ်ဆိုင်းလိုက်ခြင်းကြောင့် ပြောင်းစိုက်တောင်သူများ၊ ပြောင်းကုန်သည်များ အခက်ကြုံလျက်ရှိကြောင်းသိရသည်။ ထိုင်းနိုင်ငံဘက်သို့ ပြောင်းတင်ပို့ခွင့်ရရှိသော သတ်မှတ်ကာလကုန်ဆုံး၍ လမ်းခရီး၌ ပြောင်းတန်ချိန် ၁၈၀၀၀၀ ကျော် ကျန်ရှိနေသလို တောင်သူများ၊ ကုန်သည်များထံတွင်လည်း ပြောင်းတန်ချိန်များစွာ ကျန်ရှိနေ၍ ဆုံးရှုံးမှုများစွာဖြစ်လာနိုင်သည်ဟု နယ်စပ်ကုန်သည် လုပ်ငန်းရှင်များထံမှသိရသည်။

မြန်မာ့ပြောင်းဆန်များအား ထိုင်းနိုင်ငံဘက်သို့ ဖေဖော်ဝါရီ ၁ ရက်မှဩဂုတ် ၃၁ ရက်အထိ သတ်မှတ်ကာလအတွင်း တင်ပို့ခွင့်ရခဲ့ခြင်းဖြစ်သည်။ ယင်းကဲ့သို့ ပြောင်းဆန်များတင်ပို့ခဲ့သော်လည်း မိုးသည်းထန်စွာရွာသွန်းပြီး ဂျိုင်းမြစ်ရေ မြင့်တက်ခြင်းကြောင့် ဂျိုင်း (ကျုံဒိုး)ပွန်တွန်းတံတားပေါ်မှ ကုန်တင်ယာဉ်များသွားလာမရခြင်း၊ လမ်းခရီးမဖြောင့်ဖြူးခြင်း၊ ကြန့်ကြာခြင်းတို့ကြောင့် အချိန်မီတင်ပို့နိုင်ခြင်းမရှိခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ ထိုင်းအစိုးရသည် နိုင်ငံသားများ၏အကျိုး စီးပွားကို ကာကွယ်သည့်အနေဖြင့် ထိုင်းနိုင်ငံအတွင်း ပြောင်းထွက်ချိန်နှင့်တိုက်ဆိုင်နေခြင်းကြောင့် မြန်မာ့ပြောင်းများကို ဩဂုတ် ၃၁ ရက်နောက်ပိုင်း ထိုင်းနိုင်ငံသို့တင်ပို့လိုပါ က အခွန်နှုန်းကိုမြှင့်ထားကြောင်းသိရသည်။ ထိုင်းနိုင်ငံသို့ ပြောင်းတင်ပို့ ခွင့်ကာလ ကုန်ဆုံးသွားသည့်အတွက် မြန်မာတောင်သူများ၊ ကုန်သည်လုပ်ငန်းရှင်များ များစွာဆုံးရှုံးနစ်နာမည်ဖြစ်ကြောင်း မြဝတီနယ်စပ်ကုန် သည်များအသင်းဥက္ကဋ္ဌ ဒေါ်သင်းသင်းမြတ်ကပြောကြားသည်။

မြဝတီနယ်စပ်ကုန်သည်များအသင်းဥက္ကဋ္ဌ ဒေါ်သင်းသင်းမြတ်က “On The Way ပေ့ါ။ လမ်းပေါ်မှာ ပြောင်းတန်ချိန် ၁၈၀၀၀၀ ကျော်ရှိနေသေးတယ်။ ကုန်သည်တွေရဲ့ ဂိုဒေါင်တွေမှာလည်းရှိသေးတယ်။ တောင်သူတွေမှာလည်း ရှိတယ်။ ပြောင်းတင်ပို့ခွင့် နောက်ထပ်တစ်လသက်တမ်းတိုးဖို့တင်ပြထားပါတယ်။ တိုးမလား၊ မတိုးဘူးလားမသိရသေးဘူး။ ဟိုဘက်က တာဝန်ရှိသူတွေနဲ့ထပ်ပြောတယ်။ ၂၀၀၀ ခုနှစ်နောက်ပိုင်း ထိုင်းဘက်ကို မသွားဖူးတဲ့ မြန်မာကုန်ကားတွေ ထိုင်းဘက်ကို ကား အစီး ၅၀ ကျော်သွားပို့ခဲ့တယ်။ ရောဝတီဘက်မှာရော ရှမ်းပြည်နယ်ဘက်မှာရော တောင်သူတွေလက်ထဲမှာ ပြောင်းတွေရှိသေး သလို ကုန်သည်တွေလက်ထဲမှာလည်း ရှိသေးတယ်။ ဒီနှစ်ဘက်လုံးမှာ ဆုံးရှုံးမှုရှိပါတယ်ဟု ပြောကြားသည်။

တရုတ်နိုင်ငံသို့တင်ပို့သည့် ပြောင်းဆန်များကို တရုတ်နိုင်ငံသို့ တင်ပို့ခွင့်ပိတ်ထားခြင်းကြောင့် ထိုင်းဘက်သို့ ရောင်းချကြရသည်ဟုဆိုသည်။ တရုတ်ဘက်ကိုပိတ်ထားတယ်။ ပိတ်တယ်ဆိုတာကလည်း သူတို့နိုင်ငံထဲကို လုံးဝသွင်းလို့ မရတာမျိုးမဟုတ်ပါဘူး။ သူတို့နိုင်ငံရဲ့တောင်သူတွေကို ကာကွယ်တဲ့အနေနဲ့ပေ့ါ။ တစ်ကီလို ( ၆၅ကျပ်သားခန့်) ကို ယွမ် ၆ဝအ ခွန်ဆောင်နိုင်ရင်သွင်းပေ့ါ။ ထိုင်းဘက်လည်း ဒီလိုပဲ တစ်ကီလိုကို ၂ ဒသမ ၇၉ ဘတ် အခွန်နှုန်းမြှင့်လိုက်တယ်။ သွင်းနိုင်ရင် သွင်းပေ့ါ။ မဆောင်နိုင်ဘူး။ ကားတစ်စီးကို ဘတ်တစ်သိန်းကျော်သွားတယ်။ မဆောင်နိုင်ဘူးလေ၊ ထိုင်းကို Transit ရရင်

ပိုကောင်းတာပေ့ါ။ မလေးတို့ဗီယက်နမ်တို့ ပို့လို့ရတယ်။ အခုထိုင်းနိုင်ငံရဲ့ ကုမ္ပဏီတွေရဲ့လိုအပ်ချက်ကြောင့် ဒေသမှာ ပြောင်းမထွက်မီသတ်မှတ်ထားတဲ့ကာလအပိုင်းအခြားမှာသာ တင်ပို့ခွင့်ရတာပါ။ မဲဆောက်- မြဝတီဆိုတာ Sister City လေ။ သူတို့ဘက်ကတင်ပို့သမျှ ကုန်ကြမ်းရောကုန်ချောတွေကို ကိုယ့်နိုင်ငံကဝယ်နေသလို ကျွန်မတို့ဆီကပို့ကုန်ကိုလည်း သူတို့ နိုင်ငံက ဝယ်ယူမှသာကုန်သွယ်မှုမျှတပါမယ်ဟု နယ်စပ်ကုန်သည်အသင်းဥက္ကဋ္ဌကပြောကြားသည်။

**Source:** https://news-eleven.com/article/132132

## မြန်မာ့စက်မှုကုန်ထုတ်လုပ်ငန်းများ ခုနစ်လအတွင်း တိုးတက်နှုန်းအနည်းဆုံးဖြစ်လာပြီး ကုမ္ပဏီများ ငွေကြေးဖောင်းပွမှု၊ ငွေကြေးမတည်ငြိမ်မှုများနှင့်လျှပ်စစ်သုံးစွဲမှုစရိတ်မြင့်တက်မှုတို့နှင့်ရင်ဆိုင်နေရကာ ဈေးကွက်အတွင်း ဝယ်လိုအားကျဆင်း



မြန်မာ့စက်မှုကုန်ထုတ်လုပ်ငန်းများ ခုနစ်လအတွင်း တိုးတက်နှုန်းအနည်းဆုံးဖြစ်လာပြီး ကုမ္ပဏီများ ငွေကြေးဖောင်းပွမှု၊ ငွေကြေးမတည်ငြိမ်မှုများနှင့် လျှပ်စစ်သုံးစွဲမှုစရိတ်မြင့်တက်မှုတို့နှင့် ရင်ဆိုင်နေရကာ ဈေးကွက်အတွင်း ဝယ်လိုအားကျဆင်းလာကြောင်း ၂၀၁၉ ခုနှစ် ဇူလိုင်လအတွက် ထုတ်ပြန်သော နစ်ကေးမြန်မာ့စက်မှုကုန်ထုတ်လုပ်ငန်း PMI အညွှန်းကိန်း (Manufacturing Purchasing Manager's Index ဝယ်ယူရေးမန်နေဂျာများ၏ အညွှန်းကိန်း) အရ သိရသည်။

မြန်မာနိုင်ငံအတွင်း ထုတ်လုပ်ရေးကဏ္ဍတစ်ဝန်း လုပ်ငန်းလည်ပတ်မှုအခြေအနေမှာ ၂၀၁၉ ခုနှစ် အစပိုင်းမှစပြီး ဩဂုတ်လတွင် အနှေးဆုံးနှုန်းဖြင့်တိုးတက်လာခဲ့ပြီး ဇန်နဝါရီလမှစပြီး အော်ဒါသစ်တိုးရရှိမှုနှုန်းသည် အားအပျော့ဆုံးဖြစ်သည်။ ထုတ်လုပ်မှုတိုးတက်နှုန်းနှေးလာခဲ့ခြင်းမှာ ထိုသို့အရှိန်ကျလာမှု၏ အကြောင်းရင်းတစ်စိတ်တစ်ဒေသဖြစ်သည်။ လုပ်ငန်းသစ်များ ဦးမော့မှုအားပျော့လာသည်နှင့်အညီ ကုမ္ပဏီများ၏အလုပ်သစ်ခန့်ထားမှုမှာ အနည်းအကျဉ်းမျှသာတိုးလာသည်ဟု အချက်ပြခဲ့သည်။ လုပ်ငန်းဆိုင်ရာယုံကြည်မှုကျဆင်းသွားခဲ့ပြီး ထည့်သွင်းကုန်ဈေးနှုန်း ဖောင်းပွမှုနှုန်းသည် လေးလအတွင်း အနိမ့်ဆုံးသို့ အားပျော့လာခဲ့သည်။ မြန်မာ့စက်မှုကုန်ထုတ်လုပ်ငန်း PMI အညွှန်းကိန်းသည် ဇူလိုင်လတွင် ၅၂ ဒသမ ၉ ရှိရာမှ ဩဂုတ်တွင် ၅၂ သို့ နိမ့်ကျသွားပြီး ခုနစ်လအတွင်း အနိမ့်ဆုံးအညွှန်းဖြစ်လာခဲ့သည်။ အသင့်အတင့်ကျဆင်းမှုဖြစ်သော်လည်း နောက်ဆုံးအညွှန်းသည် စစ်တမ်းသမိုင်း၏ ပျမ်းမျှအထက်တွင်ရှိနေဆဲဖြစ်သည်။ စက်မှုကဏ္ဍ၏ ထုတ်လုပ်နိုင်စွမ်း အားနည်းလာခဲ့သည်မှာ ခုနစ်လအတွင်း တိုးတက်မှုနှုန်း အနည်းဆုံးဖြစ်ခဲ့သည်။ အလုပ်နေရာသစ်တိုးချဲ့မှုမှာ ဇန်နဝါရီလမှစပြီး အနှေးဆုံးသို့အားပျော့လာခဲ့ရာ ဩဂုတ်လ၏ဒေတာမှာလည်း အလုပ်နေရာသစ်ခန့်ထားမှုနှုန်း အားပျော့လာခြင်းကို အချက်ပြခဲ့သည်။

ဈေးနှုန်းများကို လေ့လာကြည့်လျှင် ထည့်သွင်းကုန်ဈေးနှုန်းများ ဖောင်းပွမှုမှာ ဩဂုတ်လတွင်နှေးလာခဲ့ပြီး ငွေကြေးဖောင်းပွမှုဖိအား အားပျော့လာသော်လည်း ဈေးနှုန်းဖောင်းပွမှုဆက်လက်ဖြစ်ပေါ်နေခြင်းကြောင့် ထည့်သွင်းကုန်ဈေးနှုန်းများ တစ်ဟုန်ထိုးဆက်လက်မြင့်တက်နေဆဲဖြစ်သည်။ ကုမ္ပဏီများက ထည့်သွင်းကုန်ဈေးနှုန်းများ မြင့်တက်လာခြင်းကို သွင်းကုန်များရှားပါးလာခြင်း၊ ငွေကြေးမတည်ငြိမ်မှုများနှင့် လျှပ်စစ်အသုံးစရိတ် မြင့်မားလာမှုတို့ဖြင့်ရှင်းပြကြသည်။ ရောင်းဈေးများ ခုနစ်လဆက်တိုက်မြင့်တက်လာခဲ့ပြီး ထည့်သွင်းကုန်ဈေးနှုန်းများ ကြီးမြင့်လာမှုကို တစ်စိတ်တစ်ပိုင်းအားဖြင့် ဝယ်သူများအပေါ်သို့ လွှဲပြောင်းဖို့ချခဲ့ကြကာ ရောင်းကုန်များ၏ ငွေကြေးဖောင်းပွမှုနှုန်းမှာ ဇူလိုင်လအတိုင်းဖြစ်သည်။ ထုတ်လုပ်ရေးကဏ္ဍတစ်ဝန်း ဝယ်ယူရေးလုပ်ငန်းများမှာ ဩဂုတ်လတွင် ရှစ်လဆက်တိုက် မြင့်မားလာခဲ့သော်လည်း ထည့်ကုန်ဝယ်ယူမှုနှုန်းမှာမူ ယခင်အမြင့်ဆုံးဖြစ်သည့် ဇူလိုင်နှုန်းထက် အားပျော့လာခဲ့သည်။ မြန်မာနိုင်ငံအတွင်း ကုန်ထုတ်လုပ်သူတို့က

လာမည့်တစ်နှစ်ကိုမျှော်မှန်းလျက် လုပ်ငန်းများ၏ယုံကြည်မှုမှာ အားကောင်းလျက်ရှိနေကာ စစ်တမ်းတွင် ပါဝင်ဖြေကြား ပေးကြသူများက လုပ်ငန်းများကိုတိုးချဲ့ရန်နှင့် စက်ပစ္စည်းများကို မြှင့်တင်ရန်စီမံကိန်းများရှိခြင်းကို ကိုးကားထောက်ပြကြ သော်လည်း အကောင်းမြင်မှုအဆင့်မှာမူ သုံးလအတွင်းအနိမ့်ဆုံးဖြစ်ခဲ့သည်။

အဆိုပါစစ်တမ်းကို ပြုစုပေးသည့် IHS Markit မှ စီးပွားရေးပညာရှင် Lewis Cooper က လာမယ့်နှစ်အတွက် လုပ်ငန်း တွေရဲ့ယုံကြည်မှုက မသိမသာကျဆင်းလာပေမယ့် ခြုံကြည့်မယ်ဆိုရင် အပေါင်းလက္ခဏာဆောင်နေတုန်းဖြစ်ပါတယ်။ ကုမ္ပဏီ တွေက အကောင်းမြင်မှုကို သူတို့ရဲ့လုပ်ငန်းတွေကိုတိုးချဲ့ဖို့နဲ့ စက်ပစ္စည်းအသစ်တွေ ရင်းနှီးမြှုပ်နှံဖို့ စီမံကိန်းရှိနေတာကို ဆက်စပ်ရှင်းပြကြပါတယ်။ ဒီအတောအတွင်း ထုတ်လုပ်သူတွေဆီ ပစ္စည်းပေးသွင်းသူတွေဘက်က ပြတ်တောက်မှုတွေ တစ်ချိန်လုံးရှိနေပြီး လျှပ်စစ်အတွက်ကုန်ကျမှုတွေ မြင့်တက်လာတဲ့ကြားက ထည့်သွင်းကုန်စရိတ်တွေ တစ်ဟုန်ထိုးမြင့် တက်လာတာကိုညွှန်ပြခဲ့ပါတယ်။ အကျိုးဆက်အဖြစ် ကုမ္ပဏီတွေက သူတို့ရဲ့ရောင်းဈေးတွေကို ထပ်မြှင့်ခဲ့ရပါတယ်ဟု ပြောကြားသည်။ ယခုထုတ်ပြန်ထားသော စစ်တမ်းကို IHS Markit က စက်မှုကုန်ထုတ်လုပ်ငန်းများထံမှ ကောက်ယူစုစည်း ရရှိသည့် စစ်တမ်းမူလကိန်းဂဏန်းများကို အခြေခံပြုစုထားခြင်းဖြစ်ပြီး ဂျပန်အခြေစိုက် Nikkei မီဒီယာအုပ်စုက ပံ့ပိုးထားခြင်းဖြစ်သည်။

**Source:** https://news-eleven.com/article/132157

## တရုတ်ရှိ အမေရိကန်ကုမ္ပဏီများ ထိုင်းသို့ ပြောင်းရွှေ့ရန် စဉ်းစားလျက်ရှိ

အမေရိကန်-တရုတ်ကုန်သွယ်ရေးစစ်ပွဲ အရှိန်မြင့်လာခဲ့ခြင်းကြောင့် တရုတ်နိုင်ငံတွင် လုပ်ကိုင်နေသော အမေရိကန် ကုမ္ပဏီများ ထိုင်းနိုင်ငံသို့ ပြောင်းရွှေ့အလုပ်လုပ်ရန် စဉ်းစားလျက်ရှိကြောင်း အမေရိကန်-အာဆီယံ စီးပွားရေးကောင်စီ ဥက္ကဋ္ဌ အလက်ဇန္ဒာဖရီးမန်းက ပြောကြားကြောင်း The Nation သတင်းတွင် ဖော်ပြထားသည်။ အမေရိက-တရုတ် ကုန်သွယ်ရေးစစ်ပွဲမှာ မကြာမီကာလအတွင်း ပြီးဆုံးဖွယ်မရှိခြင်းကြောင့် တရုတ်ရှိ အမေရိကန်ကုမ္ပဏီများ ထိုင်းနိုင်ငံသို့ ပြောင်းရွှေ့လုပ်ကိုင်ရန် အလေးအနက်စဉ်းစားနေခြင်းဖြစ်ကြောင်း ၎င်းကဆိုသည်။ အမေရိကန်ကုမ္ပဏီများ တရုတ်ကို စွန့်ခွာ၍ ကုန်ထုတ်လုပ်ရေးဌာနအသစ်များ ရှာဖွေကြရန် ဩဂုတ်လ ၂၃ ရက်နေ့တွင် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ညွှန်ကြားထားသည်။ အမေရိက-တရုတ် ကုန်သွယ်ရေးစစ်ပွဲကြောင့် အမေရိကန်ကုမ္ပဏီအချို့မှာ အာဆီယံနိုင်ငံများသို့ ပြောင်းရွှေ့လုပ်ကိုင်ခဲ့ပြီး ဗီယက်နမ်မှာ အကျိုးအဖြစ်ထွန်းဆုံးသော နိုင်ငံဖြစ်လာမည်ဟု လူအများစုက ယူဆထားကြသည်။ သို့သော် ဗီယက်နမ်နိုင်ငံ၏ လုပ်သားဈေးကွက်မှာ အကန့်အသတ်ရှိခြင်းကြောင့် အချို့ကုမ္ပဏီများမှာ ထိုင်းနိုင်ငံအပါအဝင် အာရှနိုင်ငံများသို့ ပြောင်းရွှေ့လုပ်ကိုင်လျက်ရှိကြောင်း အမေရိကန်-အာဆီယံ စီးပွားရေးကောင်စီဥက္ကဋ္ဌ အလက်ဇန္ဒာ ဖရီးမန်းက ပြောကြားသည်။

လက်ရှိအချိန်တွင် တရုတ်တွင်လုပ်ငန်းလုပ်ကိုင်နေသော နာမည်ကြီးကုမ္ပဏီသုံးခုမှာ တရုတ်မှထိုင်းနိုင်ငံသို့ ရွှေ့ပြောင်း အလုပ်လုပ်ကိုင်နေပြီဖြစ်ကြောင်း ၎င်းကဆိုသည်။ ယင်းကုမ္ပဏီသုံးခု၏နာမည်ကို အမေရိကန်-အာဆီယံ စီးပွားရေး ကောင်စီဥက္ကဋ္ဌ အလက်ဇန္ဒာဖရီးမန်းက ထုတ်ဖော်ပြောကြားခြင်းမရှိသော်လည်း အမေရိကန်ဒေါ်လာ သန်းရာဂဏန်း သို့မဟုတ် ထိုထက်ပိုနိုင်ကြောင်း၎င်းကဆိုသည်။ ထိုင်းနိုင်ငံသို့ အမေရိကန်ကုမ္ပဏီများရွှေ့ပြောင်းမှုသည် ရေရှည်သဘော ဆောင်မည်ဖြစ်ကြောင်းလည်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

**Source:** The Voice Journal

## ငါးရှဉ့်၊ ဂဏန်းကုန်စည် အရောင်းအဝယ်ရပ်တန့်နေ

ရှမ်းပြည်မြောက်ပိုင်းတိုက်ပွဲများကြောင့် ကုန်သွယ်ရေးလမ်းကြောင်းပိတ်ဆို့နေသည့်အတွက် နောက်ဆက်တွဲ ဂယက် အနေဖြင့် လက်ရှိတွင် ငါးရှဉ့်နှင့်ဂဏန်းကုန်စည်များ အရောင်းအဝယ်အေးကာ ရပ်တန့်နေကြောင်း မြန်မာနိုင်ငံ ငါးလုပ်ငန်း အဖွဲ့ချုပ်မှသိရသည်။ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်မှ ဒုတိယဥက္ကဋ္ဌ ဒေါ်တိုးနန္ဒာတင်က တိုက်ပွဲတွေဖြစ်တော့ လမ်းမှာ ငါးရှဉ့် တွေက အကုန်လုံးစွန့်ပစ်၊ သွန်လိုက်ရတာပေါ့။ အခုနောက်ပိုင်းတော့ ဘယ်လောက်ရှိလဲမသိသေးဘူး။ အခုချိန်မှာ ကုန်သွယ်ရေးလမ်းကြောင်းတွေကပိတ်နေတော့ ငါးရှဉ့်တွေဝယ်ပြီး ဘယ်သူမှလှောင်မထားရဲဘူး။ လက်ဝယ် ရှိနေတာ တွေတောင် အရှုံးပေါ်နေတော့ နောက်ထပ်မဝယ်ကြတဲ့အခါမှာ လုပ်သားတွေအလုပ်လက်မဲ့ဖြစ်လာကြတယ်။ တရားဝင်လည်း မသွားရဲကြဘူး။ လုပ်ငန်းက လောလောဆယ်ရပ်သလောက်ဖြစ်နေတယ်ဟု ဧရာဝတီသို့ပြောသည်။ လက်ရှိတွင် ငါးရှဉ့်

အဝယ်ဒိုင်များ၊ ကုန်သည်များက ငါးရှဉ့်ဝယ်ယူခြင်းမရှိသည့်အတွက် အောက်ခြေရှိ ငါးရှဉ့်ဖမ်း၍ ဝမ်းစာရှာဖွေရသည့် လုပ်သားများ အလုပ်လက်မဲ့ဖြစ်လာကြောင်း၊ ကုန်ပစ္စည်း တင်ဆောင်သည့် ကုန်ကားတန်ဆာခများမှာ ယခင်က ကုန် ၁ တန်လျှင် ကျပ် ၁၈၀၀၀ ခန့်ရှိရာမှ ယခုအချိန်တွင် ကျပ် ၃၉၀၀၀ မှ ကျပ် ၄၀၀၀၀ အထိ ဈေးမြင့်လာကြောင်းသိရသည်။ သို့ဖြစ်ရာ ကုန်သွယ်ရေးပိုင်းနှင့်ပတ်သက်ပြီး မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်အနေဖြင့် သက်ဆိုင်ရ ဌာနများနှင့်ပူးပေါင်းပြီး မည်ကဲ့သို့ တရုတ်သို့တင်ပို့ရောင်းချမည်ကို အဖြေရှာသင့်ကြောင်း ရေထွက်လုပ်ငန်းရှင်များကသုံးသပ်နေကြသည်။

မြန်မာနိုင်ငံ အဝေးပြေးကုန်စည်သယ်ယူပို့ဆောင်ရေးအသင်း (ရှမ်းပြည်နယ်မြောက်ပိုင်း) ဥက္ကဋ္ဌ ဦးဝင်းအောင်ခန့်က ကုန်ကားတွေရဲ့အခြေအနေကတော့ ဒီလိုပဲ ပိတ်လိုက်ဖွင့်လိုက်ပဲဗျ။ ဒီနေ့တော့ ကားတွေလမ်းမှာ ပိတ်သံမကြားရသေးဘူး။ ကျနော်တို့ကုန်ကားသမားတွေကတော့ တိုက်ပွဲသတင်းနားစွင့်ပြီးတက်ရတာ။ ရှေ့မှာ တိုက်ပွဲဖြစ်တယ်ဆိုရင်တော့ ရောက်တဲ့နေရာရပ်နေရတာ။ ထွက်လို့ရပြီဆိုထွက်ပေ့ါဟု ရောဝတီသို့ပြောသည်။ ပြီးခဲ့သည့်ရက်ပိုင်းက ရှမ်းမြောက်တိုက်ပွဲများကြောင့် မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်သို့သွားသည့် ငါးရှဉ့်၊ ဂဏန်းတင်ဆောင်သည့် ကုန်ကားအစီးရေ ၃၀ ခန့် ပိတ်မိခဲ့သဖြင့် ကုန်စည်တန်ဖိုးတစီးလျှင် ကျပ်သိန်း ၃၀၀ တန်ဖိုးပို့ဆောင်ခဲ့သဖြင့် ကျပ်သိန်းပေါင်း ၉၀၀၀ ကျော်ဆုံးရှုံးခဲ့သည်ဟုလည်း သိရသည်။ ဂဏန်းဆိုရင် ရေမပါဘူး။ အခြောက်သယ်ရတာဆိုတော့ လမ်းခရီးအဆင်မပြေတာတွေကြုံရရင် အခက်အခဲဖြစ်ပြီ။ အချိန်ကြန့်ကြာလာတာနဲ့အမျှ သေကုန်ရော။ ငါးရှဉ့်ဆိုရင် ရေနဲ့သယ်ရတယ်။ ရေနဲ့သယ်ပြီး တနေရာရောက်တိုင်း တခါ ရေလဲပေးရတယ်။ ရေနဲ့သယ်ရတဲ့ကုန်ဖြစ်လို့ ပိုပြီးထိခိုက်လွယ်တယ်။ အခုလို သွားလာရေးပိုင်းတွေ အခက်အခဲကြုံရတော့ လမ်းမှာ ငါးရှဉ့်တွေ အကုန်သေကုန်တယ်ဟု မြန်မာနိုင်ငံငါးလုပ်ငန်း အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်ကရှင်းပြသည်။ ငါးရှဉ့်နှင့်ဂဏန်းများသည် ပြည်ပနိုင်ငံများသို့တင်ပို့ရာတွင် အရှင်တင်ပို့ရသည့် ကုန်ပစ္စည်းများဖြစ်ပြီး မူဆယ် ကုန်သွယ်ရေးဇုန်မှတဆင့် တရုတ်သို့ ၉၅ ရာခိုင်နှုန်းဝန်းကျင်၊ တစ်ရက်လျှင် ငါးရှဉ့်ကုန်ကားအစီးရေ ၁၀ စီးမှ ၁၅ စီးကြား အများဆုံး တင်ပို့လျက်ရှိသည်။

ပြည်ပသို့ ငါးရှဉ့်တင်ပို့မှု အနေဖြင့် ၂၀၀၈-၂၀၀၉ ဘဏ္ဍာနှစ်က အမေရိကန်ဒေါ်လာ ၁၈ သန်းကျော်သာရှိခဲ့ရာမှ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှစ၍ ကန်ဒေါ်လာသန်း ၅၀ နီးပါးရရှိခဲ့ရာ ထိုစဉ်က နိုင်ငံခြားဝင်ငွေ အမြင့်ဆုံးရှာဖွေပေးနိုင်သော ရေထွက်ပစ္စည်းအဖြစ် စံချိန်တင်ခဲ့သည်။ ပြီးခဲ့သည့် ၂၀၁၈ ခုနှစ် ဘဏ္ဍာနှစ်တွင် နယ်စပ်ကုန်သွယ်ရေးမှ ရေထွက်ကုန်ပစ္စည်း တင်ပို့မှုမှာ ကန်ဒေါ်လာ ၁၇၁ ဒသမ ၈၃၁ သန်းရရှိခဲ့ပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ ဇူလိုင်လအထိ ကန်ဒေါ်လာ ၃၉၂ ဒသမ ၃၃၈ သန်းရရှိထားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စာရင်းများအရသိရသည်။

**Source:** https://burma.irrawaddy.com/business/2019/09/03/202757.html

## ပင်လယ်ရေကြောင်းမှ ဆန်တင်ပို့ ရာတွင် အစိုဓာတ်ပါဝင်နှုန်း ၁၄ဒသမ၅ ရာခိုင်နှုန်းအထိ သတ်မှတ်တင်ပို့ နေ

ပင်လယ်ရေကြောင်းမှ ဆန်တင်ပို့ရာတွင် အစိုဓာတ်ပါဝင်နှုန်းအား ၁၄ဒသမ၅ ရာခိုင်နှုန်းအထိသတ်မှတ်ကာ တင်ပို့လျက်ရှိကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးသောင်းဝင်းကပြောသည်။ အရင်က ဆန်အစိုဓာတ်ပါဝင်နှုန်းကို ၁၄ ရာခိုင်နှုန်းပဲ ပါဝင်တင်ပို့ခွင့်ပြုထားတာ။ အခုက မိုးတွင်းလည်းဖြစ်တော့ ယာယီအနေနဲ့ ညှိနှိုင်းဆောင်ရွက်တာဖြစ်တယ်။ ဒါက တရားဝင်ကြီးတော့ ထုတ်ပြန်တာမဟုတ်ဘူးပေ့ါဟု ပြောသည်။ ရေမြေဒေသအရ အမျိုးအစားကောင်းမွန်ပြီး စားသုံးသည့် အရသာမှအစ ကွာခြားသည့် ဧည့်မထစပါးများသည် ပဲခူးတိုင်းဒေသကြီး အနောက်ခြမ်းမြို့နယ် ၈ မြို့နယ်မှ အများဆုံးထွက်ရှိကြောင်းသိရသည်။ ပင်လယ်ရေကြောင်းမှ တင်ပို့ရောင်းချရာတွင် ဆိပ်ကမ်းသို့ကွန်တိန်နာများ ရောက်ရှိသော်လည်း အကောက်ခွန်စနစ်တွင် လုပ်ငန်းများစုပြုံနေခြင်းကြောင့် တစ်ရက်မှသုံးရက်အထိ အချိန်ကြန့်ကြာနေခြင်း၊ တစ်ဖက်နိုင်ငံ သင်္ဘောလိုင်းများနှင့် ခုနစ်ရက်ခန့် ကြိုတင်ချိတ်ဆက်ဆောင်ရွက်ရသည့်အတွက် အချိန်ကြန့်ကြာမှု ကြောင့် ကုန်ကျစရိတ်များလာကြောင်း သိရသည်။

လုပ်ငန်းရှင်များအနေဖြင့်လည်း အချိန်နှင့်လုပ်အားခ ပိုမိုကုန်ကျသဖြင့် အခြားနိုင်ငံများနှင့် ဈေးကွက်ယှဉ်ပြိုင်ရာတွင် မယှဉ်နိုင်သဖြင့် ရောင်းအားကျဆင်းခြင်းများဖြစ်ပေါ်လျက်ရှိရာ ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုအတွက် ကြီးမားသည့်စိန်ခေါ်မှုတစ်ရပ်ဖြစ်သည်။ နယ်စပ်လမ်းကြောင်းထက် ပင်လယ်ရေကြောင်းကုန်သွယ်မှုကိုလည်း ရောက်ရှိဆောင်ရွက်ကြဖို့လိုတယ်။ မဟုတ်ရင် နယ်စပ်ကုန်သွယ်ရေးဆိုတာ လှောင်ကစားဆန်နေတာမို့ပါဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးသူကပြောသည်။

လက်ရှိ ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ တရုတ်၊ ဖိလစ်ပိုင်၊ အီးယူ၊ ကင်မရွန်း၊ဗီယက်နမ်၊ မိုဇမ်ဘစ်၊ ရုရှား၊ အိုင်ဗရီကို့စ်၊ အင်ဒိုနီးရှား၊ ထိုင်း၊ မက်ဒါဂါ စကား၊ ဂျီဘူတီ၊ ကနေဒါ၊ စပိန်၊ ပိုလန်၊ ဂွာနီယာ၊ နယ်သာလမ်၊ ဘယ်လ်ဂျီယံ၊ ဘီနင်၊ အီရတ်၊ ကင်ဘာ၊ မလေးရှား၊ နိုင်ဂျီးရီးယား၊ ဆီနီဂေါစသည့်နိုင်ငံများသို့ တင်ပို့လျက်ရှိသည်။ ၂၀၁၈- ၁၉ ဘဏ္ဍာနှစ် (၂၀၁၈

ခုနစ် အောက်တိုဘာလမှ ဩဂုတ်လ ၂ ရက်) အထိ နယ်စပ်နှင့်ပင်လယ်ကုန်သွယ်ရေးလမ်းကြောင်းများမှ နိုင်ငံပါင်း ၆၁ နိုင်ငံသို့ ဆန်တန်ချိန် ၁၅ သိန်းကျော်တင်ပို့မှုမှ ဂင်ငွေကန်ဒေါ်လာသန်း ၄၉၀ ကျော်ရရှိထားပြီး၊ နိုင်ငံပါင်း ၃၆ နိုင်ငံသို့ ဆန်ကွဲတန်ချိန် ၄ သိန်းကျော်တင်ပို့မှုမှ ဂင်ငွေ ကန်ဒေါ်လာ သန်း ၁၀၇ ကျော်ရရှိထားကြောင်းသိရသည်။

**Source:** https://www.facebook.com/amiamyanmar/posts/2417523001666515?__tn__=K-R

## တရုတ်နိုင်ငံ ဆန်တင်သွင်းတင်ပို့ မှုအခြေအနေ

၂၀၁၀-၂၀၁၈ ခုနစ် တရုတ်နိုင်ငံဆန်တင်သွင်းမှုအခြေအနေမှာ မြင့်တက်ခဲ့ပြီး ၂၀၁၂ ခုနစ်မတိုင်မီက တင်သွင်းတန်ချိန်မှာ (၁၀)သိန်းတန်ပင်မရှိပါ။ ၂၀၁၇ ခုနစ်သို့ရောက်ရှိသောအခါ တင်သွင်းမှုတန်ချိန် (၃၉.၉)သိန်းသို့ ရောက်ရှိခဲ့ပြီး ၂၀၁၈ ခုနစ် ဆန်တင်သွင်းမှုတန်ချိန်(၃၀.၅)သိန်းရှိခဲ့ကာ လက်ရှိတွင်တင်သွင်းမှုတန်ချိန် သိန်း (၃၀)အထက်တွင် ဆက်လက်ထိန်းသိမ်းထားလျက်ရှိကြောင်းသိရပါသည်။ တင်သွင်းမှုအရင်းအမြစ်နိုင်ငံမှကြည့်လျှင် ထိုင်း၊ ဗီယက်နမ်၊ ပါကစ္စတန်နိုင်ငံတို့မှာ တရုတ်နိုင်ငံဆန်တင်သွင်းခြင်း၏ အဓိကတင်သွင်းနိုင်ငံများဖြစ်လျက်ရှိပြီး ၉၀%အထက်ရှိဆန်များမှာ ထိုနိုင်ငံ (၃)နိုင်ငံမှတင်သွင်းခြင်းဖြစ်ကြောင်း သိရပါသည်။ ယခုနှစ်ပိုင်း တရုတ်နိုင်ငံမှ ကမ္ဘောဒီးယား၊ မြန်မာစသည့်နိုင်ငံများမှ ဆန်စပါးတင်သွင်းမှုပမာဏကို တိုးမြှင့်ခဲ့ပါသည်။ တင်သွင်းနိုင်ငံများမှာ ယခင်ဖြင့်နှိုင်းယှဉ်ပါက အနည်းငယ်ကွဲပြားသွားသော်လည်း စုစည်းမှုမှာ ယခင်အတိုင်းမြင့်မားလျက်ရှိပါသည်။ ဆန်စပါးတင်သွင်းသောအမျိုးအစားများမှကြည့်လျှင် တင်သွင်းဆန်များမှာ အဓိကအားဖြင့် ဆန်လုံးရှည်ကိုတင်သွင်းကြပြီး ဂျပွန်နီကာဆန်၏တင်သွင်းမှုပမာဏမှာမူ အလွန်နည်းပါးပါသည်။ တရုတ်နိုင်ငံဆန်များမှာ အဓိကအားဖြင့် တောင်ပိုင်းဆိပ်ကမ်းမှ ပြည်တွင်းဈေးကွက်သို့ဝင်ရောက်ခြင်းဖြစ်သည်။

၂၀၁၀-၂၀၁၆ ခုနစ် တရုတ်နိုင်ငံဆန်တင်ပို့မှုမှာ တစ်ဖြည်းဖြည်းလျော့နည်းလာသောအခြေအနေဖြစ်ပေါ်ခဲ့ပြီး ၂၀၁၇ ခုနစ်တွင် ပြည်တွင်းထွက်ဆန်စပါးများသိုလှောင်မှုကို ဖြေရှင်းရန်အတွက် ဆန်စပါးတင်ပို့အားကို မြှင့်တင်ခဲ့ပါ သည်။ ၂၀၁၇ ခုနစ်တွင် ဆန်စပါးတင်ပို့မှုတန်ချိန် (၁၀)သိန်းတန်ကိုကျော်လွန်ကာ တန်ချိန်(၁၂)သိန်းအထိရောက်ရှိ ခဲ့ပါသည်။ ၂၀၁၈ ခုနစ် တင်ပို့မှုတန်ချိန်(၂၀.၇)သိန်းရှိပြီး (၁၀)နှစ်အတွင်း အမြင့်ဆုံးသို့ရောက်ရှိခဲ့ပါသည်။ တင်ပို့သော ဆန်စပါးအနက် ဂျပွန်နီကာဆန်မှာ တင်ပို့မှုပမာဏအများဆုံးဖြစ်သည်။ တင်ပို့မှုအပိုင်းတွင် တရုတ်နိုင်ငံမှဆန်များသည် အဓိကအားဖြင့် အာဖရိက၊ မြောက်ကိုရီးယား၊ တောင်ကိုရီးယား၊ ဂျပန်စသည့်နိုင်ငံများသို့ တင်ပို့ပြီး အခြား နိုင်ငံနှင့် ဒေသပေါင်း (၉၀)ကျော်သို့လည်း တင်ပို့လျက်ရှိကာ တရုတ်နိုင်ငံမှ ဆန်တင်ပို့သောနိုင်ငံများသည် များပြားပြီး ပျံ့နှံ့ ကွဲပြားလျက်ရှိကြောင်း သိရပါသည်။

**Source:** www.qhrb.com.cn

https://www.facebook.com/shweliayarnews/

## တောင်သူမျိုးစေ့ထုတ်နေကြသည့် ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် တောင်သူများကို မျိုးစေ့ကဏ္ဍဖွံ့ဖြိုးရေး အားပေး ဆောင်ရွက်မည်

တောင်သူမျိုးစေ့ထုတ်နေကြသည့် ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့်တောင်သူများကို မျိုးစေ့ကဏ္ဍဖွံ့ဖြိုးရေးအားပေးဆောင်ရွက်မည်ဖြစ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းကပြောသည်။ မျိုးစေ့ထုတ်လုပ်ခြင်းနှင့် အရည်အသွေးထိန်းသိမ်းခြင်းလုပ်ငန်းများ၊ စပါးမျိုးကောင်း၊ မျိုးသန့်များကို ထုတ်လုပ်ရာတွင် ဆောင်ရွက်ရမည့်ကျင့်စဉ်များ၊ ကော်ဖီ၊ ရော်ဘာနှင့်အခြားသီးနှံများ၏ နည်းပညာနှင့်လူ့စွမ်းအားဖွံ့ဖြိုးရေးဆောင်ရွက်ရာ၌ စိုက်ပျိုးရေးစိစစ်ပြီး အသိမှတ်ပြုလက်မှတ်များ ထုတ်လုပ်ပေးလျက်ရှိရာ အရည်အသွေးအာမခံဆောင်ရွက်သူများက အသိမှတ်ပြုလက်မှတ်ပေးအပ်နိုင်ရေးကို အလေးထားဆောင်ရွက်နေကြောင်းဆိုသည်။ စိုက်ပျိုးရေးလုပ်ငန်းတွေရဲ့ အဓိကအရေးကြီးတဲ့ မျိုးကောင်းမျိုးသန့်တွေ လွယ်ကူစွာဂယ်ယူသုံးစွဲနိုင်ဖို့ အခြေအနေကောင်းတွေဖန်တီးပေးနိုင်ဖို့ ဈေးကွက်က တောင်းဆိုတာကိုလည်း ထုတ်လုပ်မှုရေိယာမှုအပေါ်မူတည်ပြီးတော့ တိုးမြှင့်ဆောင်ရွက်သွားမယ်။ မျိုးပွားခြင်းတွေကနေ ပုဂ္ဂလိကကဏ္ဍမျိုးစေ့ထုတ်လုပ်တာတွေဖွံ့ဖြိုးဖို့ အားပေးဆောင်ရွက်ရမယ်ဟု ၎င်းကပြောသည်။

စပါးမျိုးစေ့ထုတ်လုပ်ငန်းများတွင် တောင်သူများကိုယ်တိုင်ပါဂင်လာပြီဖြစ်၍ အစိုးရကချေးငွေထုတ်ချေးပေးရန် လိုအပ်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်အကြံပေး ဒေါက်တာမင်းအောင်ကပြောသည်။ အဓိကတော့ မျိုးစေ့ထုတ်သူတွေကို အစိုးရအနေနဲ့အားပေးရမယ်။ လိုအပ်သလို ချေးငွေတွေလည်း ထုတ်ပေးသင့်တယ်။ မျိုးစေ့တစ်ခုဖြစ်လာဖို့အတွက်

အဖက်ဖက်က လုပ်ဆောင်ရမယ့်အပိုင်းတွေက အများကြီးရှိတယ်။ ဌာနဆိုင်ရာပိုင်းက အခြေခံမျိုးတွေကို အဆင့်ဆင့် မွေးထုတ်ပေးရမယ်။ သူတို့ဆီမှာ မျိုးစေ့ထုတ်နိုင်တဲ့ တောင်သူတွေလက်ထဲကို ရောက်အောင်ဆောင်ရွက်ပေးဖို့လိုတယ်။ မျိုးစေ့ထုတ်လုပ်မှုတွေများလာရင် တောင်သူတွေလက်ထဲကို များများပေးနိုင်မယ်။ ဒီလိုအစီစဉ်တွေဖြစ်လာမှလည်း စပါးမျိုးကောင်းမျိုးသန့်တွေ အများကြီးထွက်လာမယ်'ဟု ၎င်းကပြောသည်။

နိုင်ငံအဝန်း စပါးမျိုးစေ့ထုတ်နေသည့် တောင်သူလယ်သမား တစ်ထောင်နီးပါးအထိရှိလာပြီဖြစ်သည်။ မျိုးသစ် အသိအမှတ်ပြုလက်မှတ်၊ မျိုးစေ့ဆိုင်ရာလုပ်ငန်းလိုင်စင်၊ ပုဂ္ဂလိက မျိုးစေ့စစ်ဆေးခန်းဖွင့်လှစ်ခြင်း၊ တင်သွင်း၊ တင်ပို့သည့် မျိုးစေ့လုပ်ငန်းဆိုင်ရာများကို အချိန်နှင့်တပြေးညီ ဆောင်ရွက်ပေးလျက်ရှိသည်။ လက်ရှိ နိုင်ငံတွင်း စပါးမျိုးကောင်းမျိုးသန့် လိုအပ်ချက်မြင့်မားလျက်ရှိသည်။

**Source:** https://www.facebook.com/amiamyanmar/posts/2416131268472355?__tn__=K-R

## အိန္ဒိယစီးပွားရေးတိုးတက်မှု ၆ နှစ်တာအတွင်း အနိမ့်ဆုံးကျဆင်း

အိန္ဒိယစီးပွားရေး တိုးတက်မှုကတော့ ၆ နှစ်တာအတွင်း အနိမ့်ဆုံးအတိုင်းအတာတစ်ခုကို ကျဆင်းသွားခဲ့ပါတယ်။ လက်ရှိမှာ အိန္ဒိယစီးပွားရေးတိုးတက်မှု ကျဆင်းမှုဟာ ယခုအခါမှာ အကျပ်အတည်းတစ်ခုလို ဖြစ်လာနေပါတယ်။ ယင်းနိုင်ငံရဲ့ စီးပွားရေးတိုးတက်မှုကတော့ လက်ရှိဝန်ကြီးချုပ် Narendra Modi ၂၀၁၄ ခုနှစ်က ရွေးကောက်ခံရပြီးနောက်ပိုင်း တစ်ကြိမ်တစ်ခါမှမတွေ့ခဲ့ရတဲ့ လယ်ဗယ်တွေကို ကျဆင်းသွားတာဖြစ်ပါတယ်။ ဝန်ကြီးချုပ် Modi ကတော့ နိုင်ငံကို ကမ္ဘာ့ powerhouse တစ်ခုပြန်ဖြစ်အောင်လုပ်ဆောင်မယ်လို့ ကတိကဝတ်ပေးပြီး အာဏာရလာခဲ့တာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ဇွန်လမှာကုန်ဆုံးခဲ့တဲ့ သုံးလပတ်အတွင်း အိန္ဒိယဂျီဒီပီဟာ ၅ ရာခိုင်နှုန်းသာတိုးတက်ခဲ့ကြောင်း အစိုးရထုတ်ပြန်တဲ့ ကိန်းဂဏန်းတွေအရသိရပါတယ်။ ယင်းဟာ ယမန်နှစ်အလားတူကာလပတ်က တိုးတက်မှုနှုန်း ၈ ရာခိုင်နှုန်းယှဉ်ပါက သိသိသာသာကျဆင်းသွားခဲ့တာဖြစ်ပါတယ်။

အလားတူ ပြီးခဲ့တဲ့ ယခင်သုံးလပတ်က မှတ်တမ်းတင်ထားနိုင်ခဲ့တဲ့ တိုးတက်မှုနှုန်း ၅ ဒသမ ၈ ရာခိုင်နှုန်းနဲ့ ယှဉ်ရင်လည်း ကျဆင်းသွားခဲ့ပါတယ်။ ဒါဟာ ပုဂ္ဂလိကစားသုံးမှုပိုင်းနှေးကွေးခြင်း၊ ကုန်ထုတ်လုပ်မှုပိုင်းမှာ တိုးတက်မှု မရှိသလောက်ဖြစ်နေခြင်းနဲ့ ယခုနောက်ဆုံးကျဆင်းမှုက အဓိကသက်ဆိုင်နေတယ်လို့သိရပါတယ်။

**Source:** https://edition.cnn.com/.../econ.../india-gdp-economy/index.html

SFJ Strategy First Journal

## စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် တောင်ကိုရီးယားသမ္မတနှင့်ထိုင်းဝန်ကြီးချုပ်ဆွေးနွေး

တောင်ကိုရီးယားသမ္မတ မွန်းဂျေအင်းဟာ ထိုင်းဝန်ကြီးချုပ် ပရာယွတ်ချန်အိုချာနဲ့ ထိုင်းနိုင်ငံမြို့တော်ဘန်ကောက်မှာ စက်တင်ဘာ ၂ ရက်က တွေ့ဆုံပြီး နှစ်နိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ဖို့ အပြန်အလှန်ဆွေးနွေးကြပါတယ်။ ဆွေးနွေးပွဲအပြီး ပူးတွဲကြေညာချက်ထဲမှာတော့ ဗျူဟာမြောက်မိတ်ဖက်ဖြစ်မှု အားကောင်းစေဖို့ ရည်မှန်းတယ်လို့ ဖော်ပြထားပါတယ်။ အဲဒီနောက် ရေအရင်းအမြစ်စီမံခန့်ခွဲရေး၊ ကိုရီးယားဘာသာစကားကျွမ်းကျင်ရေး၊ အဆင့်မြင့် စစ်ဘက်အရာရှိအဆင့်မှာ ထောက်လှမ်းရေး၊ သတင်းအချက်အလက်မျှဝေဖလှယ်ရေး၊ ကုန်သွယ်ရေး၊ သယ်ယူပို့ဆောင်ရေးနဲ့စမတ်စီးတီး ခြေလှမ်းတိုးတက်အောင် ပူးပေါင်းဆောင်ရွက်ရေးစတဲ့ သဘောတူညီချက်တွေအတွက် နားလည်မှုစာချွန်လွှာ ၆ ရပ်ကို ၂ နိုင်ငံ ခေါင်းဆောင်တွေရှေ့မှာ သက်သေပြုပြီး လက်မှတ်ရေးထိုးခဲ့ကြပါတယ်။ နှစ်နိုင်ငံလုံးတည်ငြိမ်ရေးနဲ့လုံခြုံရေးအတွက် ဖွံ့ဖြိုးတိုးတက်မှုကိုပံ့ပိုးဖို့ ဗျူဟာမြောက်မိတ်ဘက်ဖြစ်မှုအားဖြည့်ဖို့ကောင်းတဲ့လက္ခဏာလို့ ထိုင်းဝန်ကြီးချုပ်ကပြောပါတယ်။

တောင်ကိုရီးယားသမ္မတကတော့ မနှစ်က ထိုင်းနဲ့ကိုရီးယား အပြန်အလှန်ကုန်သွယ်မှုတန်ဖိုး အမေရိကန် ဒေါ်လာ ၁၄ ဒသမ ၁ ဘီလျံထိ စံချိန်တင်မြင့်တက်ခဲ့တဲ့အကြောင်းနဲ့ ပြည်သူချင်းဖလှယ်မှုက လူဦးရေ ၂ ဒသမ ၃၆ သန်းကျော်ခဲ့ တယ်လို့ ပြောပါတယ်။ ဒ့ါအပြင် ကိုရီးယားစစ်ပွဲအတွင်း ထိုင်းစစ်သည်တွေ ကိုရီးယားကိုရောက်လာခဲ့တဲ့ စွန့်လွှတ်စွန့်စားမှုကစပြီး နှစ်နိုင်ငံကြားဆက်ဆံရေးက မှတ်လောက်သားလောက်တိုးတက်ခဲ့တယ်၊ ထိုင်းစစ်ပြန်တွေကို ချီးကျူးဂုဏ်ပြုပါတယ်လို့ လည်း တောင်ကိုရီးယားသမ္မတကပြောပါတယ်။ မွန်းဟာ တောင်ကိုရီးယားရဲ့ တောင်ဘက်မူဝါဒသစ်နဲ့အညီ ထိုင်း၊ မြန်မာနဲ့ လာအို အရှေ့တောင်အာရှ ၃ နိုင်ငံဆီ သီတင်းတပတ်ကြာ အလည်အပတ်ခရီးထွက်ခဲ့တာပါ။ ကိုရီးယားနိုင်ငံအနေနဲ့ အာဆီယံအဖွဲ့ဝင်ဆယ်နိုင်ငံနဲ့ထိတွေ့ဆက်ဆံရေးနဲ့ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ဖို့ ရည်မှန်းထားတယ်လို့ ထိုင်းအစိုးရ အိမ်တော်ကထုတ်ပြန်တဲ့ ကြေညာချက်ထဲမှာဖော်ပြထားပါတယ်။

Source: DVB TV News

https://www.facebook.com/kope.aung

## STOCK EXCHANGE (3.9.2019)

YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 3rd Sep. 2019

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 12,000 | +0 | +0.00% | 12,000 | 12,000 | 12,000 | 2,040 | 24,480,000 | 27,112,747 | 325,353 |
| MTSH | 00002 | 4,100 | -100 | -2.38% | 4,200 | 4,200 | 4,100 | 7,299 | 30,580,500 | 38,929,150 | 159,610 |
| MCB | 00003 | 8,400 | +0 | +0.00% | 8,400 | 8,400 | 8,400 | 295 | 2,478,000 | 10,400,986 | 87,368 |
| FPB | 00004 | 25,000 | -500 | -1.96% | 25,000 | 25,000 | 25,000 | 562 | 14,050,000 | 2,472,053 | 61,801 |
| TMH | 00005 | 3,050 | +0 | +0.00% | 3,050 | 3,050 | 3,050 | 493 | 1,503,650 | 12,823,224 | 39,111 |

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 491.66 | -3.75 | -0.76% | 494.51 | 494.51 | 491.66 | 10,689 | 73,092,150 | 5 | 673,243 |

**Index chart**




## Market Overview

As of 1:00 pm, 3rd Sep. 2019

| MYANPIX | 491.66 ▼ 3.75 |
|---|---|
| Total Volume (shares) | 10,689 |
| Total Value (MMK) | 73 mil |
| Listed Company | 5 |
| Market Cap. (MMK) | 673,243 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 12,000 | ▲ 0 |
| MTSH | 00002 | 4,100 | ▼ 100 |
| MCB | 00003 | 8,400 | ▲ 0 |
| FPB | 00004 | 25,000 | ▼ 500 |
| TMH | 00005 | 3,050 | ▲ 0 |